# Eleventh Sunday in Ordinary Time – Year B

**1st READING:** *Ezekiel 17:22-24*

ယေဇကျေလအနာကတ္တိကျမ်း ၁၇း ၂၂–၂၄

တဖန်အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ မြင့်သောအာရဇ်ပင်၌အမြင့်ဆုံးသောအညွန့်ကိုငါယူ၍စိုက်မည်။ အညွန့်ဖျားတို့တွင်နုသောအညွန့်ကိုဆိတ်၍မြင့်မြတ်သောတောင်ပေါ်မှာစိုက်မည်။ အမြင့်ဆုံးသောဣသရေလတောင်ပေါ်မှာငါစိုက်ပျိုးပြီးမှအခက်အလက်နှင့်ပြည့်စုံ၍အသီးကိုသီးသဖြင့်၊ ကောင်းမွန်သောစပျစ်နွယ်ပင်ဖြစ်လိမ့်မည်။ ထိုအပင်အောက်၌၎င်း၊အခက်အလက်အရိပ်၌၎င်း၊ ငှက်မျိုးအပေါင်းတို့သည်နေရာကျကြလိမ့်မည်။ငါထာဝရဘုရားသည်မြင့်သောအပင်ကိုနှိမ့်၍၊နိမ့်သောအပင်ကိုမြှောက်ကြောင်း၊ စိမ်းလန်းသောအပင်ကိုသွေ့ခြောက်စေ၍၊သွေ့ခြောက်သောအပင်ကိုစိမ်းလန်းစေကြောင်းများကို၊ တောသစ်ပင်ရှိသမျှတို့သည်သိရကြလိမ့်မည်။ငါထာဝရဘုရားသည် စကားတော်ရှိသည်အတိုင်းပြုမည်ဟု မိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  92:2-3, 13-14, 15-16
## ဆာလံ ၉၂

**သံပြိုင်။ ။ ထာဝရဘုရားအားချီးမွမ်းခြင်းသည်ကောင်းမြတ်လှပေ၏။**
R. Lord, it is good to give thanks to you.

**၁။ ထာဝရဘုရားအားချီးမွမ်းခြင်းသည်လည်းကောင်း၊အမြင့်မြတ်ဆုံးအရှင်ကိုယ်တော်ထံတီးမှုတ်သီဆို ခြင်း သည်လည်းကောင်း၊နံနက်တိုင်းကိုယ်တော်၏ခိုင်မြဲမေတ္တာနှင့်ညတိုင်းကိုယ်တော်သစ္စာတော်ကိုထုတ် ဖော်ကြေညာ ခြင်းသည် ကောင်းမြတ်လှပေ၏။ (သံပြိုင်)**
It is good to give thanks to the LORD, to sing praise to your name, Most High, To proclaim your kindness at dawn and your faithfulness throughout the night.

**၂။ ဖြောင့်မတ်သောသူတို့သည်စွန်ပလွန်ပင်ကဲ့သို့စိမ်းလန်းစိုပြေ၍လက်ဘနွန်တောင်မှထင်းရှူးမွှေးပင် ကဲ့သို့ရှင်သန်ကြီးထွားကြလိမ့်မည်။ထာဝရဘုရား၏အိမ်တော်၌စိုက်ပျိုးခြင်းခံရသောသူတို့သည်ငါတို့ ဘုရားသ ခင်၏ခြံဝင်းအတွင်း၌စိမ်းလန်းစိုပြေကြလိမ့်မည်။ (သံပြိုင်)**
The just one shall flourish like the palm tree, like a cedar of Lebanon shall he grow. They that are planted in the house of the LORD shall flourish in the courts of our God.

**၃။ ယင်းတို့သည်အသက်ကြီးသောအရွယ်တွင်ပင်အသီးသီး၍အစဉ်လန်းဆန်းကာစိမ်းလန်းစိုပြေကြလိမ့် မည်။ ထာဝရဘုရားသည်ဖြောင့်မတ်တော်မူ၏။ ကိုယ်တော်သည်ငါ၏ကျောက်ဆောင်ဖြစ်ပြီးကိုယ်တော်၌ ဆိုးညစ်ယုတ်မာမှုရှိဟူ၍ကြွေးကြော်ကြလိမ့်မည်။ (သံပြိုင်)**
They shall bear fruit even in old age; vigorous and sturdy shall they be, Declaring how just is the LORD, my rock, in whom there is no wrong.

## 2nd READING: *2 Cor 5:6-10*

## ကောရိ သု ဩဝါဒစာဒုတိယစောင် ၅း၆–၁၀

ငါတို့သည် ရဲစွမ်းသတ္တိရှိသော သူများဖြစ်ကြ၏။ ဤကိုယ်ခန္ဓာမြေထည်တဲ၌နေသမျှကာလပတ်လုံးငါတို့သည်သခင်ဘုရား၏အိမ်တော်နှင့်ဝေးကွာလျက်ရှိ၏။ ငါတို့သည်အမြင်အားဖြင့်မဟုတ်ဘဲ၊ယုံကြည်ခြင်းအားဖြင့်လျှောက်လှမ်း၏။ငါတို့သည်ရဲစွမ်းသတ္တိရှိကြ၍ဤကိုယ်ခန္ဓာနေအိမ်ကိုစွန့်ခွာပြီးလျှင်သခင်ဘုရားနှင့်အတူနေထိုင်ရန်ပို၍လိုလားကြ၏။ ငါတို့သည်ဤနေအိမ်၌ရှိသည်ဖြစ်စေ၊ ထိုကောင်းကင်အိမ်၌ရှိသည်ဖြစ်စေ။ သခင်ဘုရားနှစ်သက်တော်မူသောသူများဖြစ်ရန်သာရည်ရွယ်၏။ အကြောင်းမူကား၊ငါတို့အားလုံးသည်တရားစီရင်ခြင်းကိုခံရန်ခရစ်တော်၏တရားပလ္လင်တော်ရှေ့သို့ရောက်ကြမည်ဖြစ်သောကြောင့်တည်း။ ဤသို့ကိုယ်ခန္ဓာနေအိမ်၌ရှိစဉ်ပြုကျင့်ခဲ့သည့်ကောင်းမှု၊မကောင်းမှုများအတွက်ထိုက်သင့်ရာကိုငါတို့အသီးသီးခံရ ကြရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Mark 4:26-34*

ရှင်မာကုဧဝံဂေလိကျမ်း ၄း၂၆–၃၄

တစ်ဖန်ကိုယ်တော်မိန့်တော်မူသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သည်မြေပေါ်၌လူတစ်ဦး၏မျိုးစေ့ကြဲသည်နှင့်တူ၏။ သူသည်မျိုးစေ့ကိုကြဲပြီးနောက်၊ နေ့ညမပြတ်အိပ်ပျော်သည့်အခါ၌ဖြစ်စေ၊နိုးနေသည့်အခါ၌ဖြစ်စေမျိုးစေ့သည်အပင်ပေါက်လျက်မည်ကဲ့သို့ကြီးထွားနေလာသည်ကိုသူမသိပေ။အကြောင်းမူကား၊ မြေကြီးသည်အလိုအလျောက်သီးပွင့်စေတတ်၏။ ပထမဦးစွာအညှောက်၊ ထို့နောက်အနှံအောင်အဆန်ကိုဖြစ်စေတတ်၏။ အသီးများမှည့်၍ရိတ်သိမ်းချိန်ရောက်သောအခါချက်ခြင်းတံစဉ်နှင့်ရိတ်တတ်သည်ဟုမိန့်တော်မူ၏။ တစ်ဖန်ကိုယ်တော်ကမိန့်တော်မူသည်မှာ၊ဘုရားသခင်၏နိုင်ငံတော်ကိုမည်သည့်အရာနှင့်ငါတို့ပုံခိုင်းနှိုင်းရမည်နည်း။ သို့မဟုတ်မည်သည့်ပုံဥပမာအားဖြင့်ဖော်ပြရမည်နည်း။ဘုရားသခင်၏နိုင်ငံတော်သည်မုံညှင်းစေ့နှင့်တူ၏၊ မုံညှင်းစေ့သည် မြေတွင်စိုက်ပျိုးစဉ်အခါက ကမ္ဘာမြေပြင်ပေါ်၌ရှိသောအစေတကာတို့တွင်အသေးငယ်ဆုံးသောမျိုးစေ့ဖြစ်၏။ သို့သော်လည်းအပင်ပေါက်ပြီး၍ကြီးထွားလာသောအခါ၊ ဟင်းသီးဟင်းရွက်ပင်အားလုံးတို့တွင်အကြီးဆုံးဖြစ်လာ၏။ ကြီးသောအကိုင်းအခက်များထွက်လာသဖြင့် မိုးကောင်းကင်ငှက်တို့သည်ယင်း၏အရိပ်တွင်အသိုက်များပြုလုပ်နေထိုင်ကြ၏။ ကိုယ်တော်သည်ထိုသူတို့နားထောင်တတသည့်ပုံဥပမာများကိုအသုံးပြု၍သူတို့အားနှုတ်ကပတ်တရားတော်ကိုဟောပြောတော်မူ၏။ ကိုယ်တော်သည်ပုံဥပမာမပါဘဲ၊ ဟောပြောတော်မမူ။ သို့သော်ကိုယ်တော်သည်အကြောင်းအရာအားလုံးကိုတပည့်တော်တို့အားသီးခြားရှင်းလင်းဖော်ပြတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**